International IDEA

Myanmar Coordination Initiative of Equal Rights for PWDs

# မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ အကျုံးဝင် ပါဝင်မှုရှိစေခြင်း




ဖတ်လွယ်
မှတ်လွယ်


# ဖတ်လွယ်၊ မှတ်လွယ်



ဤစာစောင်သည် အချက်အလက်အချို့ကို အလွယ်တကူ ဖတ်ရှုနိုင်ရန် ပုံဖော်ရေးသားထားခြင်းဖြစ်သည်။ ဤစာစောင်တွင် အချက်အလက်အားလုံး မပါဝင်နိုင်သော်လည်း အရေးကြီးသော အကြောင်းအရာများကို ပြောပြပေးသွားပါမည်။




ဤဖတ်ရှုလွယ်စာစောင်တွင် ဖတ်ရှုရလွယ်ကူစေသော စကားလုံးများနှင့် ရုပ်ပုံများကို သုံးထားပါသည်။ အချို့သောသူများအတွက်မူ ဤစာစောင်အားဖတ်ရှုရန် အကူအညီ လိုအပ်ကောင်း လိုအပ်နိုင်ပါသေးသည်။




အချို့သော စကားလုံးများကို **စာလုံးအမည်းရောင် ထူထူ**ဖြင့် ရေးထားသည်။  ဆိုလိုသည်မှာ အခြားစကားလုံးများထက် ပိုထူပြီး ပိုမည်းပါသည်။ ထိုစကားလုံးများသည် စာစောင်တွင် အရေးပါသော စကားလုံးများဖြစ်သည်။




တစ်ခါတစ်ရံ ထိုအမည်းရောင်ထူထူ စကားလုံးသည် နားလည်ရန် ခက်ခဲပါက ကျွန်ုပ်တို့သည် ထိုစကားလုံး၏ ဆိုလိုရင်းကို ရှင်းပြပေးသွားပါမည်။




မျဉ်းသားထားသော အပြာရောင်စကားလုံးများ သည် ဝဘ်ဒ်ဆိုဒ်နှင့် အီးမေးလ်လိပ်စာများကိုပြသသော လင့်ခ်များဖြစ်သည်။ သင်သည် ဤလင့်ခ်များကို မိမိ၏ ကွန်ပျူတာမှတစ်ဆင့် ဝင်ရောက်နိုင်သည်။

# ဤစာစောင်တွင် မည်သည့်အကြောင်းအရာများ ပါဝင်သနည်း။


ဤအစီရင်ခံစာအကြောင်း ........ ၄

နောက်ခံအကြောင်းအရာ ........ ၆

မြန်မာနိုင်ငံတွင်းရှိ မသန်စွမ်းသူများ၏ အခက်အခဲ ........ ၁၀

မသန်စွမ်းသူများအတွက် ဥပဒေများ ........ ၁၃

ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်သည် မည်ကဲ့သို့ ကူညီနိုင်သနည်း။ ........ ၁၇

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့တွင် မသန်စွမ်းသူများ ပါဝင်ခြင်း ........ ၁၉


မြန်မာနိုင်ငံ၏ အနာဂတ်အစိုးရအဖွဲ့တွင် မသန်စွမ်းသူများပါဝင်နိုင်စေမည့် နည်းလမ်းများ..... ၂၂

ပိုမိုလေ့လာရန် ........ ၂၅

# ဤအစီရင်ခံစာအကြောင်း

ဤအစီရင်ခံစာကို International IDEA နှင့် မသန်စွမ်းသူများ ခွင့်တူညီမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (MCERP) တို့မှ ရေးသားထားပါသည်။

International IDEA သည် နိုင်ငံများတွင် ပြည်သူများက ရွေးချယ်လိုက်သော အစိုးရများ ထွက်ပေါ်လာရန် ကူညီပေးသည်။



ဤအစီရင်ခံစာတွင် ဖော်ပြထားသည်များမှာ -

- မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ၏ အခက်အခဲများ



- မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ၌ ရှိသင့်သော အခွင့်အရေးများ



- အနာဂတ် မြန်မာနိုင်ငံအစိုးရတွင် မသန်စွမ်းသူများ ပါဝင်နိုင်မည့် နည်းလမ်းများ



ကျွန်ုပ်တို့သည် ဤအစီရင်ခံစာကို အောက်ဖော်ပြပါ လူပုဂ္ဂိုလ်များနှင့် စကားပြောဆိုပြီးနောက် ရေးသားခဲ့ခြင်းဖြစ်သည်-

- မသန်စွမ်းသူများ
- မသန်စွမ်းသူများအား ကူညီထောက်ပံ့သော အဖွဲ့များ
- ဒီမိုကရေစီ ကြားကာလအစိုးရ - မြန်မာနိုင်ငံတွင် ပြည်သူများအားလုံး ခွင့်တူညီမှုဖြစ်စေရန် ရည်ရွယ်သည့် ယာယီအုပ်ချုပ်ရေး အစိုးရအဖွဲ့ ဖြစ်သည်။

# နောက်ခံအကြောင်းအရာ



မြန်မာနိုင်ငံတွင် မသန်စွမ်းသူ ၆ သန်းနီးပါး ရှိပါသည်။


## အာဏာသိမ်းမှု




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံ၏ **စစ်တပ်**သည် ပြည်သူ့အစိုးရထံမှ **အာဏာလုယူ**ခဲ့သည်။



**စစ်တပ်**တွင် ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့ ပါဝင်သည်။



စစ်တပ်သည် မြန်မာနိုင်ငံရှိ နေရာဒေသအများစုကို ထိန်းချုပ်ထားသည်။ သို့သော် စစ်တပ်ကို တိုက်နေသည့် အဖွဲ့များလည်း ရှိသည်။ ထိုအဖွဲ့များသည် တိုင်းပြည်၏ နေရာဒေသအချို့ကို ထိန်းချုပ်ထားသည်။

# အမျိုးသားညီညွတ်ရေး အစိုးရ



အမျိုးသားညီညွတ်ရေးအစိုးရသည် မြန်မာနိုင်ငံအား ကြီးစိုးခြယ်လှယ်နေသည့်စစ်တပ်ကို ဆန့်ကျင်သောလူများ၊ အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသည်။



၎င်းသည် အောက်ပါတို့ကို ဆောင်ရွက်ရန်ဖြစ်သည် -

- စစ်တပ်ကို အစိုးရကနေ ဖယ်ရှားရန်။



- မြန်မာပြည်သူများမှ ရွေးချယ်ထားသော အစိုးရသစ်တစ်ရပ်ကို ထူထောင်ရန်။




အမျိုးသားညီညွတ်ရေးအစိုးရသည် အနာဂတ် မြန်မာနိုင်ငံတော်အစိုးရ ဖြစ်လာရန် ပြင်ဆင်လျက်ရှိသည်။

# ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်



**ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်**သည် ၂၀၂၀ ခုနှစ် အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံတွင် **ဒီမိုကရေစီ**ကို ထောက်ခံအားပေးသူများမှ ရေးဆွဲထားသော အစီအမံ ဖြစ်သည်။




**ဒီမိုကရေစီ**၏ ဆိုလိုရင်းမှာ မိမိ၏တိုင်းပြည်သည် မည်ကဲ့သို့ လည်ပတ်နေသည်ကို ပြောခွင့်ရှိသည်။ လူတိုင်းသည် မိမိတို့၏ ခေါင်းဆောင်အား ရွေးချယ်ရာတွင်နှင့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်  မဲပေးပိုင်ခွင့်နှင့် မိမိတို့၏သဘောထားကို ထုတ်ဖော်ပြသနိုင်ခွင့်ရှိခြင်း ဖြစ်သည်။



ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်သည် **ဖွဲ့စည်းပုံအခြေခံဥပဒေ** အသစ်ရေးဆွဲရန်နှင့် **ဒီမိုကရေစီ အဖွဲ့အစည်းများ** ဖွဲ့စည်းရန် ရည်ရွယ်သည်။



**ဖွဲ့စည်းပုံအခြေခံဥပဒေ**သည် နိုင်ငံတစ်နိုင်ငံကို မည်ကဲ့သို့ လည်ပတ်အုပ်ချုပ်ရန် လမ်းညွှန်ပေးသည့် စည်းမျဉ်း စည်းကမ်းများဖြစ်သည်။ ပြည်သူများ၏ **အခွင့်အရေးများ**၊ အစိုးရ၏ အာဏာနှင့် ဥပဒေများကို မည်သို့မည်ပုံရေးသားထား ကြောင်းကို ရှင်းပြထားသည်။




**ဒီမိုကရေစီအဖွဲ့အစည်းများ**သည် လူတို့၏ **အခွင့်အရေးများ**ကို ကာကွယ်ပေးသော အဖွဲ့အစည်းများဖြစ်ပြီး အစိုးရနှင့် လူ့အဖွဲ့အစည်းများအနေဖြင့် လူသားတိုင်းအပေါ် တရားမျှတမှုရှိစေရန် စောင့်ရှောက်ပေးသော အဖွဲ့အစည်းများဖြစ်သည်။



**အခွင့်အရေးများ**ဆိုသည်မှာ လူသားတိုင်းသည် ဥပဒေအရ လုံခြုံစွာနေထိုင်ရေးနှင့် တရားမျှတစွာ ဆက်ဆံခံရရေးတို့ ဖြစ်သည်။



ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်၌ အာဏာသိမ်းမှု နောက်ပိုင်း အမျိုးသားညီညွတ်ရေးအစိုးရ အပါအဝင် မြန်မာပြည်သူများကို မည်သူတွေက ကူညီသင့်ကြောင်း ပြောပြထားသည်။



ပဋိညာဉ်စာချုပ်သည် အနာဂတ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ အသစ်နှင့်အညီ ပြည်သူများ မည်ကဲ့သို့ နေထိုင်လိုကြောင်းနှင့် တရားမျှတသော အစိုးရတစ်ရပ် မည်ကဲ့သို့ ဖွဲ့စည်းထူထောင်နိုင်မည်ကို ပြည်သူများကိုယ်တိုင် ရွေးချယ်ခွင့် ရှိစေမည့် အစီအမံဖြစ်သည်။

# မြန်မာနိုင်ငံတွင်းရှိ မသန်စွမ်းသူများ၏ အခက်အခဲ


## အာဏာမသိမ်းခင် ကာလ



ယခင်က မသန်စွမ်းသူအများစုသည် အစိုးရ သို့မဟုတ် အခြားသော အဖွဲ့အစည်းများထံမှ  ပံ့ပိုးကူညီမှု မရရှိခဲ့ပေ။





သို့သော် ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံသည် မသန်စွမ်းသူများ၏ ဘဝတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများ စတင်ပြုလုပ်ခဲ့သည်။




၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂက ချမှတ်ထားသော မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ စည်းမျဉ်းများကို လိုက်နာရန် သဘောတူခဲ့သည်။

# အာဏာသိမ်းပြီးနောက်




၂၀၂၁ အာဏာသိမ်းပြီးနောက်တွင် -


- ယခုဆိုလျှင် မသန်စွမ်းသူများ ပိုမိုများပြားလာသည်။



- မသန်စွမ်းသူများ၏ ဘဝသည် ပို၍ပင် ခက်ခဲလာသည်။



မသန်စွမ်းသူများသည် အခြားလူအုပ်စုများကဲ့သို့ တန်းတူ ထုတ်ဖော်ပြောဆိုနိုင်သော အခွင့်အရေး မရကြပါ။




၎င်းတို့အပေါ် အကျိုးသက်ရောက်မှုရှိသည့် နိုင်ငံရေးနှင့် ဆုံးဖြတ်ချက်များတွင် ပါဝင်ခွင့် မရကြပါ။



မြန်မာနိုင်ငံရှိ လူအများအပြား၊ အထူးသဖြင့် ကလေးငယ်များ နှင့် မသန်စွမ်းသူများသည် အကူအညီများ လိုအပ်လျက်ရှိ သည်။



မသန်စွမ်းသူများသည် ၎င်းတို့၏ အခွင့်အရေး၊ ပညာရေးနှင့် အလုပ်အကိုင်များ ဆုံးရှုံးခဲ့ရသည်။




မသန်စွမ်းသူများအတွက် ပိုမိုကောင်းမွန်သော သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများ လိုအပ်ပါသည်။



မသန်စွမ်းသူများသည် မိမိတို့၏ ရပိုင်ခွင့်များအကြောင်းနှင့် အစိုးရ၏ လုပ်ကိုင်ဆောင်ရွက်ပုံတို့ကို သိရှိရန် လိုအပ်သည်။



မသန်စွမ်းအမျိုးသမီးများသည် အကြမ်းဖက်ခံရခြင်း၊ ကျောင်းမတက်နိုင်ခြင်း ကဲ့သို့သော ပြဿနာများ ပို၍ ရင်ဆိုင်ကြရသည်။




မြန်မာနိုင်ငံရှိ လူအများစုသည် မသန်စွမ်းသူများကို နှိမ်တက်ကြသည်။

# မသန်စွမ်းသူများအတွက် ဥပဒေများ





ကမ္ဘာပေါ်ရှိ နိုင်ငံအများစုသည် ကမ္ဘာ့ကုလသမဂ္ဂမှ ထုတ်ပြန်ထားသော မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာ စည်းမျဉ်းများကို သဘောတူကြသည်။

**ကမ္ဘာ့ကုလသမဂ္ဂ** (UN) သည် နိုင်ငံများစွာဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၎င်းအဖွဲ့အစည်းသည် ကမ္ဘာကြီးအား ပိုမိုလုံခြုံပြီး ပိုမိုကောင်းမွန်သော နေရာ ဖြစ်အောင် ဆောင်ရွက်ကြသော အဖွဲ့အစည်းဖြစ်သည်။



ကမ္ဘာ့ကုလသမဂ္ဂ၏ စည်းမျဉ်းများတွင် မသန်စွမ်းသူများအား အောက်ပါအတိုင်း ဆက်ဆံသင့်သည်ဟု ပြောထားသည်။

- မျှမျှတတဆက်ဆံခြင်း။



- အထူးသဖြင့် အထူးသဖြင့် မိန်းကလေးများနှင့် မသန်စွမ်း မိန်းကလေးများသည် ထိခိုက်နာကျင်မှုများမှ ကင်းဝေး လုံခြုံမှုရှိခြင်း။



- ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများကို လွယ်လင့်စွာ ရရှိခြင်း။



- **လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ် အခြေအနေများ**ကို ကိုင်တွယ်ဖြေရှင်းသော အစီအစဉ်များတွင် ပါဝင်ခွင့်ရခြင်း - ထိုအခြေအနေများမှာ သဘာဝဘေးအန္တရာယ် သို့မဟုတ် ပဋိပက္ခကဲ့သို့သော ဖြစ်ရပ်များကြောင့် လူများစွာ အရေးပေါ်အကူအညီ လိုအပ်နေသည့် အခြေအနေများဖြစ်သည်။



- နိုင်ငံအရေးအဆုံးအဖြတ်များ ချမှတ်ရာတွင်နှင့် စီစဉ်ရာတွင် ပါဝင်ဆွေးနွေးခွင့်ပေးခြင်း။




မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ကာကွယ်ရန် ကိုယ်ပိုင်ပြည်တွင်းဥပဒေရှိသည်။



ဥပဒေတွင် မသန်စွမ်းသူများသည် အခြားသူများကဲ့သို့ လူ့အဖွဲ့အစည်းတွင် ပါဝင်နိုင်ခွင့် ရှိသင့်သည်။



သို့သော် မြန်မာနိုင်ငံရှိ ဥပဒေသည် မသန်စွမ်းသူများ၏ အခွင့်အရေးကို အပြည့်အဝ အကာအကွယ်မပေးနိုင်ပေ။



အောက်ပါအချက်များကို ရပ်တန့်ရန် ဥပဒေလိုအပ်သည်။ -

- မသန်စွမ်းသူများအပေါ် **ခွဲခြားဆက်ဆံခြင်း**။



**ခွဲခြားဆက်ဆံခြင်း**ဆိုသည်မှာ တစ်စုံတစ်ဦးကို မတရားပြုခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်း ဖြစ်သည်။



အထူးသဖြင့် အမျိုးသမီးများနှင့် မသန်စွမ်းအမျိုးသမီးများ အပေါ် အကြမ်းဖက်ခြင်း။

# အပြောင်းအလဲများ



မြန်မာနိုင်ငံ၌ အနာဂတ် အစီအမံများ ချမှတ်ရာတွင် လိုအပ်သည်များမှာ -


- ဥပဒေအသစ်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် အစီအမံများ ရေးဆွဲရန် ဆုံးဖြတ်ချက်များချရာတွင် မသန်စွမ်းသူများ ကိုယ်တိုင် ပါဝင်စေခြင်း။



- မသန်စွမ်းသူများအပေါ် သက်ရောက်မှုရှိသည့် အရာအားလုံးတွင် မသန်စွမ်းသူများကိုယ်တိုင် ပါဝင်စေခြင်း။



- ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်နှင့် နိုင်ငံရေး ကိစ္စများတွင် မသန်စွမ်းသူများ ပါဝင်နိုင်ရန် ကူညီခြင်း။




- မသန်စွမ်းသူများအပေါ် ထားရှိကြသော လူများ၏ သဘောထားများကို  ကောင်းမွန်သော အမြင်ဘက်သို့ ပြောင်းလဲပေးခြင်း။

# ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်သည် မည်ကဲ့သို့ ကူညီနိုင်သနည်း။



ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်တွင် မြန်မာနိုင်ငံရှိ လူတိုင်းသည် အစိုးရအဖြစ် ထမ်းဆောင်မည့် လူများကို ရွေးချယ်နိုင်ခွင့် အပါအဝင် မိမိတို့၏ အခွင့်အရေးများ မည်သို့ရရှိသင့်သည်ကို ရှင်းပြထားသည်။



ပဋိညာဉ်စာချုပ်တွင် အောက်ပါလူများအားလုံး အပေါ် အခွင့်အရေးများ မည်ကဲ့သို့ တန်းတူညီမျှ ကျင့်သုံးသင့်ကြောင်း ပြောပြထားသည် -

- နောက်ခံသမိုင်း မတူညီသော လူများ။



- အမျိုးသားနှင့် အမျိုးသမီး။



- မသန်စွမ်းသူများနှင့် သန်စွမ်းသူများ။



- များသောအားဖြင့် မိမိတို့ သဘောထားကို ထုတ်ဖော်ပြောခွင့်မရကြသော အုပ်စုများမှ လူများ။



မသန်စွမ်းသူများ၏ အခွင့်အရေးများကို စောင့်ရှောက်သော အစိုးရအဖွဲ့တစ်ဖွဲ့ ရှိသင့်သည်ဟု ပဋိညာဉ်တွင် ပြောထားသည်။


# အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့တွင် မသန်စွမ်းသူများ ပါဝင်ခြင်း



လက်ရှိ၌ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့တွင် မသန်စွမ်းသူများ မပါဝင်ပါ။



အမျိုးသားညီညွတ်ရေးအစိုးရသည် ၎င်း၏ လုပ်ငန်းများတွင် မသန်စွမ်းသူများ မည်သို့ပါဝင်နေသည်ကို ကြည့်ရှုစစ်ဆေးခြင်း မရှိပါ။



သို့သော် အမျိုးသားညီညွတ်ရေး အစိုးရသည် -

- အနာဂတ်မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ မည်ကဲ့သို့ ပါဝင်စေနိုင်မည်ကို စဉ်းစားလျက် ရှိသည်။




- မသန်စွမ်းသူများ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု လွယ်ကူစွာရရှိနိုင်ရန် ပြုလုပ်နေသည်။



- မသန်စွမ်းကလေးငယ်များ လိုအပ်သည့် ပညာရေး ရရှိအောင် ကူညီပေးသည်။




- မသန်စွမ်းသူများအပေါ် နားလည်မှုရှိရန်နှင့် အများနှင့် တန်းတူညီမျှ ဆက်ဆံရန် အခြားသူများအား ရှင်းပြ ပေးသည်။




- မသန်စွမ်းသူများအား အခွင့်အရေးများ ရရှိသေချာစေရန် မည်သည့်ဥပဒေအသစ်များကို လိုအပ်ကြောင်း စဥ်းစား ရှာဖွေလျက်ရှိသည်။

# စစ်တပ်ချုပ်ကိုင်ထားခြင်းမရှိသော မြန်မာနိုင်ငံ၏ အစိတ်အပိုင်းများ



လက်ရှိတွင် မြန်မာစစ်တပ်နှင့် စစ်တပ်ကို ဆန့်ကျင်သည့် အဖွဲ့များအကြား တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်။



တိုက်ပွဲကြောင့် လူအများအပြား မသန်စွမ်းဖြစ်ခဲ့ရသည်။




မသန်စွမ်းသူများသည် တိုက်ပွဲများကြောင့် ဆိုးဆိုးရွားရွား ဒုက္ခရောက်ကြရသည်။




မသန်စွမ်းသူများသည် ၎င်းတို့လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများရရှိရန် ခက်ခဲသည်။

# မြန်မာနိုင်ငံ၏ အနာဂတ်အစိုးရအဖွဲ့တွင် မသန်စွမ်းသူများပါဝင်နိုင်စေမည့် နည်းလမ်းများ



အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် မြန်မာနိုင်ငံတော်၏ အနာဂတ်အစိုးရအဖြစ် ဆောင်ရွက်ရန် စီမံရာတွင် မသန်စွမ်းသူများအား လည်း ပါဝင်စေလိုပါသည်။




၎င်းကို အောက်ပါနည်းလမ်းဖြင့် ဆောင်ရွက်သင့်သည်။-

- အစီအစဥ်များ ရေးဆွဲသည့်အခါ မသန်စွမ်းသူများ၏ စကားများကို နားထောင်ခြင်း။



- မသန်စွမ်းသူများကို အနာဂတ်အစိုးရ၏ အတွေးအခေါ်၊အစီအစဥ်များနှင့် ပတ်သက်၍  မည်သို့မည်ပုံ ထင်မြင်သည်ကို မေးမြန်းခြင်း။




- မသန်စွမ်းသူများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများကို ရရှိရန်နှင့် အခြားသူများနှင့် တန်းတူညီမျှ ဆက်ဆံခံရရေး အတွက် မည်ကဲ့သို့သော ဥပဒေများ လိုအပ်သည်ကို ကြည့်ရှုခြင်း။




- မသန်စွမ်းသူများသည် အခြားသူများကဲ့သို့ ပါဝင်နိုင်ရန် အနာဂတ်တွင် တိုင်းပြည်သည် မည်သို့မည်ပုံ လည်ပတ်မည့် စည်းမျဉ်းစည်းကမ်းများကို ကြည့်ရှုခြင်း။



- အနာဂတ်အစိုးရ၏ အခန်းကဏ္ဍများအားလုံးတွင် မသန်စွမ်းသူများ ပါဝင်နိုင်ရန် သေချာစွာဆောင်ရွက်ခြင်း။




- မသန်စွမ်းသူများ လက်လှမ်းမီနိုင်သော သတင်းအချက်အလက်များကို ပေးစွမ်းခြင်း။



- မသန်စွမ်းသူများ နားလည်နိုင်သော နည်းလမ်းများဖြင့် ဆက်သွယ်ပြောဆိုခြင်း။



- မသန်စွမ်းသူများ လိုအပ်သည်များကို အခြားလူများ အနေဖြင့် ပိုမိုနားလည်နိုင်စေရန် ကူညီပေးခြင်း။



- မသန်စွမ်းသူများ အနာဂတ်အစိုးရတွင် ပါဝင်ဆောင်ရွက် နိုင်ရန်အတွက် ကျွမ်းကျင်မှုနှင့် သိနားလည်မှုရှိအောင် ကူညီပေးခြင်း။



- မသန်စွမ်းသူများ၏ လူနေမှုအချက်အလက်များကို စုဆောင်းခြင်း။



- မသန်စွမ်းသူများ ရသင့်ရထိုက်သော လေးစားမှုများ ရရှိစေရန် ကောင်းမွန်သောစကားလုံးများ အသုံးပြုခြင်း။

# ပိုမိုလေ့လာရန်

အစီရင်ခံစာအပြည့်အစုံကို Nathalie Ebead နှင့် MCERP တို့မှ ရေးသားထားသည်။
ဒီမိုကရေစီနှင့် ရွေးကောက်ပွဲအကူအညီပေးရေး နိုင်ငံတကာအဖွဲ့ (International IDEA) သည် အစိုးရများ အကြား ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်း ဒီမိုကရေစီ ပံ့ပိုးကူညီသည်။




ကျွန်ုပ်တို့၏ ဝဘ်ဆိုဒ်ကို ဤနေရာတွင် ကြည့်ရှုနိုင်ပါသည်။
www.idea.int



ဆက်သွယ်ရန် လိပ်စာ -

- စာတိုက်

  International IDEA

  Strömsborgsbron 1

  SE-103 34 Stockholm Sweden



- ဖုန်း +46 8 698 37 00

လွယ်ကူစွာ ဖတ်ရှုနိုင်သော ဤစာစောင်ကို easy-read-online.co.uk မှ ထုတ်လုပ်သည်။
ဤစာစောင်တွင် Photosymbols နှင့် Shutterstock မှ လိုင်စင်ခွင့်ရှိသော ပုံများပါဝင်သည်။
© 2024 International Institute for Democracy and Electoral Assistance